The Mon Forum
HUMAN RIGHTS NEWSLETTER

အတွဲ(၁၀) ၊ အမှတ်(၇) ၊ ဇူလိုင်လ ၃၁၊ ၂၀၂၅

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

# သထုံအကျဉ်းထောင်တွင် NLD အလုပ်မှုဆောင် နိုင်ကျဉ်းတစ်ဦး သေဆုံး





ဇူလိုင် ၂၁၊ ၂၀၂၅

၂၀၂၅ဇူလိုင်လ (၁၉) ရက်နေ့တွင် မွန်ပြည်နယ် သထုံမြို့နယ် သထုံအကျဉ်းထောင်တွင် ထိန်းသိမ်းခံထားရသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အလုပ်မှုဆောင်တစ်ဦးဖြစ်သူ အသက် (၄၄) နှစ်အရွယ် ကိုပြည့်စုံအောင်သည် အကျဉ်းထောင်တွင် သေဆုံးသွားခဲ့ကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးအကျဉ်းသားများကွန်ရက်ထံမှ သိရှိရသည်။

ဆက်လက်ဖတ်ရှုရန် .......... စာမျက်နှာ (၄) သို့ >>>>

## Hots News

### တိုက်ပွဲပြင်းထန်နေခြင်းနှင့် စစ်ဆေးမှုတင်းကြပ်နေခြင်းတို့ကြောင့် ကော့ကရိတ်စစ်ရှောင်များကို ကူညီရန် ခက်ခဲလာ



စာမျက်နှာ ၆

### ဘားအံအကျဉ်းထောင်မှာ နိုင်ငံရေးအကျဉ်းသားတစ်ဦး မတရားရိုက်နှက်ခံရပြီး သေဆုံး




စာမျက်နှာ ၈

### ပုလောတွင် ဒရုန်းနှင့်လက်နက်ကြီးတိုက်ခိုက်မှုကြောင့် အစုလိုက်အပြုံလိုက် သေဆုံး



စာမျက်နှာ ၁၀

## အတွင်းဘက်မှာ ဖတ်ရှုရန်

1. မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြေမြုပ်မိုင်းပေါက်ကွဲမှု ၊ ဒဏ်ရာအနာတရ နှင့် သေဆုံးသူအရေအတွက်
စာမျက်နှာ- ၁၂

2. ၂၀၂၅ ဇန်နဝါရီလမှ ဇွန်လအထိ လက်နက်ကြီးပစ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ စာရင်း
စာမျက်နှာ- ၁၃

3. ၂၀၂၅ ဇန်နဝါရီလမှ ဇွန်လအထိ ဒရုန်နှင့် လေကြောင်းတိုက်ခိုက်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ စာရင်း
စာမျက်နှာ- ၁၄

4. မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်ခံရမှု မှတ်တမ်း
စာမျက်နှာ- ၁၆ မှ ၃၄

HUMAN RIGHTS FOUNDATION OF MONLAND (HURFOM)
www.rehmonnya.org

# နိုင်ကျဉ်းများအတွက် ငရဲခန်းဖြစ်နေသည့် အကျဉ်းထောင်များ

## (၂၀၂၅ ဇူလိုင်လအတွက် အယ်ဒီတာ့အာဘော်)



မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မွန်လူထုအသံစာစဉ် အတွဲ (၁၀) အမှတ် (၇) ကို ထုတ်ဝေလိုက်ပါသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတောင်ပိုင်း မွန်၊ ကရင်နှင့် တနင်္သာရီ ဒေသများတွင် ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ကောက်ခံ စုဆောင်းပြီး အင်တာနက်နှင့် လူမှုကွန်ရက်စာမျက်နှာများမှတဆင့် ပြည်သူလူထုကို ပုံမှန်တင်ပြလျက်ရှိသည်။ ၎င်းပြင် မွန်လူထုအသံစာစဉ်ကိုလည်း တစ်လတစ်ကြိမ် ထုတ်ဝေလျက် ရှိသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် တစ်လလျှင် လူ့အခွင့်အရေးချိုးဖောက်မှု သတင်းပေါင်း (၄၀) မှ (၅၀) ကျော်ကြားအထိ ပြည်သူလူထုကို ပုံမှန်တင်ပြလျက်ရှိပြီး ၂၀၂၅ ဇူလိုင်လတွင် မြို့နယ် (၁၅) မြို့နယ်မှ လူ့အခွင့်အရေးချိုးဖောက်မှုသတင်းအပုဒ် (၃၀) ကျော်ကို ပြည်သူများထံသို့ အသိပေးတင်ပြခဲ့သည်။

အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံရှိ အကျဉ်းထောင်များသည် နိုင်ငံရေးအကျဉ်းသားများအတွက် 'ငရဲခန်း' သဖွယ် ဖြစ်နေသည်။ မတရားပြုမူဆက်ဆံမှုမှသည် အသက်သေဆုံးစေသည့် ရိုက်နှက်ညှဉ်းပန်းနှိပ်စက်မှုအထိ အနိဋ္ဌာရုံများအားလုံးကို စုပြုံခံစားရသည့်နေရာ ဖြစ်လာသည်။

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျိုက်မရောဇဟိုအကျဉ်းထောင်ရှိ နိုင်ငံရေးအကျဉ်းသားများကို ထောင်အာဏာပိုင်များက ကိုယ်ထိလက်ရောက် ညှဥ်းပန်းနှိပ်စက်နေကြောင်း နိုင်ငံရေးအကျဉ်းသားတစ်ဦးက မွန်လူထုအသံကို ပြောသည်။

အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းများက နိုင်ငံရေးအကျဉ်းသားများကို အကြောင်းပြချက်မရှိဘဲ ရိုက်နှက်ခြင်းနှင့် နေပူလှန်းခြင်းများအပြင် နည်းအမျိုးမျိုးဖြင့် ညှဥ်းပန်းနှိက်စက်နေကြောင်း ၎င်းက ပြောသည်။

၎င်းပြင် နိုင်ငံရေးအကျဉ်းသားများအတွက် ထောင်ဝင်စာတွေ့ခွင့်နှင့် ဆေးဝါးပေးပို့ခွင့်ကိုလည်း ကန့်သတ်ပိတ်ပင်ထားသဖြင့် နိုင်ငံရေးအကျဉ်းသားအများစုသည် ကျန်းမာရေးအခြေအနေ ဆိုးရွားနေသော်လည်း လုံလောက်သည့် ဆေးကုသခွင့် ဆုံးရှုံးလျက်ရှိကြောင်း သိရသည်။

၂၀၂၅ ဇူလိုင်လတွင် နိုင်ငံရေးအကျဉ်းသား (၃) ဦးသည် ညှဥ်းပန်းနှိပ်စက်ခံရမှုကြောင့် အသက်သေဆုံးခဲ့ရသည်။ ကိုပြည့်စုံအောင်သည် ဇူလိုင်လ (၁၉) ရက်နေ့တွင် အင်းစိန်ထောင်၌လည်းကောင်း၊ မဝတ်ရည်အောင်သည် ဇူလိုင်လ (၂၀) ရက်နေ့တွင် အင်းစိန်ထောင်၌လည်းကောင်း၊ အောင်နိုင်စိုးသည် ဇူလိုင်လ (၂၁) ရက်နေ့တွင် ဘားအံအကျဉ်းထောင်တွင်လည်းကောင်း သေဆုံးခဲ့သည်။


၎င်းတို့ (၃) ဦးစလုံးသည် ထောင်အာဏာပိုင်နှင့် ဝန်ထမ်းများ၏ ရိုက်နှက်ညှဥ်းပန်းမှုကြောင့် အသက်သေဆုံးခဲ့ခြင်းဖြစ်သည်။

မွန်ပြည်နယ် ကျိုက်မရောဇဟိုအကျဉ်းထောင်တွင် နိုင်ငံရေးအကျဉ်းသား (၃၃၀) ရှိပြီး ၂၀၂၄ ခုနှစ်တွင် လုံလောက်သည့် ဆေးကုသမှု မရရှိခြင်းကြောင့် နိုင်ငံရေးအကျဉ်းသား (၁) ဦး သေဆုံးခဲ့သည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် သတင်းအချက်အလက်ကောက်ခံစုဆောင်းခြင်းနှင့် သတင်းထုတ်ပြန်ခြင်း မှတဆင့် စစ်တပ်က ၎င်းတို့ကျူးလွန်ထားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေသည့်အလေ့အထကို ချိုးဖျက်ရပ်တန့်ရန် လည်းကောင်း၊ မြန်မာနိုင်ငံတွင် စစ်မှန်သောငြိမ်းချမ်းရေးရရှိရန်နှင့် စစ်မှန်သောဖက်ဒရယ် ဒီမိုကရေစီစနစ်ပေါ်ထွန်းရန်လည်းကောင်း ရည်ရွယ်ပါသည်။

အယ်ဒီတာအဖွဲ့
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း
၂၀၂၅ ဇူလိုင်လ





# သထုံအကျဉ်းထောင်တွင် NLD အလုပ်မှုဆောင် နိုင်ကျဉ်းတစ်ဦး သေဆုံး

**ဇူလိုင် ၂၁၊ ၂၀၂၅**

၂၀၂၅ ဇူလိုင်လ (၁၉) ရက်နေ့တွင် မွန်ပြည်နယ် သထုံမြို့နယ် သထုံအကျဉ်းထောင်တွင် ထိန်းသိမ်းခံထားရသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အလုပ်မှုဆောင်တစ်ဦးဖြစ်သူ အသက် (၄၄) နှစ်အရွယ် ကိုပြည့်စုံအောင်သည် အကျဉ်းထောင်တွင် သေဆုံးသွားခဲ့ကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးအကျဉ်းသားများကွန်ရက်ထံမှ သိရှိရသည်။

ကိုပြည့်စုံအောင်သည် ပုဒ်မ ၅၀၅(က) အပါအဝင် နိုင်ငံရေးပုဒ်မများစွာဖြင့် ထောင်ဒဏ် (၆) နှစ် ချမှတ်ခံထားရသည်။ ၎င်းသည် အာဇာနည်နေ့တွင် ကျဆုံးလေပြီးသောခေါင်းဆောင်များကို အလေးပြုပြီးနောက် အကြောကပ်ကာ သတိမေ့မြောသွားခဲ့သည်။

“(၁၀) နာရီ (၃၇) မိနစ်မှာ အလေးပြုအခမ်းအနားပေါ့။ ထောင်ထဲမှာလည်း အာဇာနည်တွေကို အလေးပြုကြတယ်။ အဲဒါပြီးတော့ သူပစ်လဲသွားတယ်။ မေ့မြောနေတဲ့အချိန်မှာ အောက်စီဂျင်ပေးဖို့ ဝိုင်းကြိုးစားပေမဲ့ (ထောင်အာဏာပိုင်တွေက) အောက်စီဂျင်ပြတ်နေတယ်ဆိုလို့ မပေးခဲ့ရဘူး။ နေ့ခင်း (၁) နာရီလောက်မှာ ဆုံးသွားတယ်” ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးအကျဉ်းသားများကွန်ရက်၏ ဗဟိုဦးဆောင်ကော်မတီဝင် ကိုသိုက်ထွန်းဦးက ပြောသည်။

ကိုပြည့်စုံအောင်၏ရုပ်အလောင်းကို အကျဉ်းဦးစီးဌာနက ယင်းနေ့ ညနေ (၄) နာရီတွင် ချက်ချင်း မီးသင်္ဂြိုဟ်ခဲ့ကြောင်း သိရသည်။

ကိုပြည့်စုံအောင်သည် ဘီးလင်းမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ဗဟိုအလုပ်မှုဆောင် တစ်ဦး ဖြစ်သည့်အပြင် သတင်းနှင့် ပြန်ကြားရေးတာဝန်ခံတစ်ဦးလည်း ဖြစ်သည်။

၎င်းကို ၂၀၂၂ ဇန်နဝါရီလ (၁) ရက်နေ့တွင် စစ်ကောင်စီက ဖမ်းဆီးခဲ့ပြီး အကြမ်းဖက်မှုတိုက်ဖျက် ရေးဥပဒေပုဒ်မ ၅၂(က) နှင့် ၅၀၅(က) တို့ဖြင့် အမှုဖွင့်ခဲ့သည်။ ၎င်းကို ဘီးလင်းအထူးတရားရုံးက ၂၀၂၂ ဧပြီလ (၅) ရက်နေ့တွင် ထောင်ဒဏ်ချမှတ်ခဲ့သည်။

"ကိုပြည့်စုံအောင်မှာ သွေးတိုး၊ ဆီးချိုနဲ့ နှလုံးသွေးကြောကျဉ်းရောဂါ ရှိတယ်။ ရောဂါအခြေအနေ တစ်ခုခုကြောင့် သေဆုံးသွားတယ်လို့ပဲ လောလောဆယ်ပြောနိုင်တယ်။ အောက်စီဂျင်မရလို့ ဆုံး သွားတယ်ဆိုတာတော့ ဆက်ပြီးအတည်ပြုဖို့ လိုနေသေးတယ်" ဟု ကိုသိုက်ထွန်းဦးက ပြောသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးအကျဉ်းသားများကွန်ရက်၏ အချက်အလက်များအရ အကျဉ်းထောင်များတွင် ကျန်းမာရေးစောင့်ရှောက်မှု ညံ့ဖျင်းခြင်းနှင့် ဆေးဝါးမလုံလောက်များ ကြောင့် ၂၀၂၅ ခုနှစ်တွင် နိုင်ငံရေးအကျဉ်းသားအကျဉ်းသူစုစုပေါင်း (၁၃) ဦးအထိ သေဆုံးခဲ့ရ

**"ကိုပြည့်စုံအောင်မှာ သွေးတိုး၊ ဆီးချိုနဲ့ နှလုံးသွေးကြောကျဉ်းရောဂါ ရှိတယ်။ ရောဂါအခြေအနေတစ်ခုခုကြောင့် သေဆုံးသွားတယ်လို့ပဲ လောလောဆယ်ပြောနိုင်တယ်။ အောက်စီဂျင်မရလို့ ဆုံးသွားတယ်ဆိုတာ တော့ ဆက်ပြီးအတည်ပြုဖို့ လိုနေသေးတယ်"**

# တိုက်ပွဲပြင်းထန်နေခြင်းနှင့် စစ်ဆေးမှုတင်းကြပ်နေခြင်းတို့ကြောင့် ကော့ကရိတ်စစ်ရှောင်များကို ကူညီရန် ခက်ခဲလာ



**ဇူလိုင် ၁၅၊ ၂၀၂၅**

၂၀၂၅ မတ်လ (၁၄) ရက်နေ့မှစ၍ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ကရိတ် - ကျုံဒိုး အာရှလမ်းမကြီးတလျှောက်တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် စစ်ကောင်စီတပ်တို့အကြား တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့ပြီး ဒေသခံပြည်သူ (၃၅,၀၀၀) ကျော် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

အဆိုပါစစ်ရှောင်ပြည်သူများသည် စစ်ရှောင်စခန်းများ၊ နီးစပ်ရာကျေးရွာများနှင့် ဘုန်းတော်ကြီးကျောင်းများတွင် ခိုလှုံနေရသည်။

ယနေ့အထိ တိုက်ပွဲများ ဆက်လက်ပြင်းထန်နေသည့်အပြင် စစ်ကောင်စီတပ်က မော်လမြိုင် - ကျုံဒိုး - ကော့ကရိတ်လမ်းပိုင်းတွင် သွားလာရေးကန့်သတ်ခြင်းနှင့် စစ်ဆေးရေးတင်းကြပ်နေခြင်း တို့ကြောင့် စစ်ရှောင်ပြည်သူများကို ကူညီထောက်ပံ့ရန်ခက်ခဲလာကြောင်း စစ်ဘေးရှောင်အရေး ကူညီပေးနေသူတစ်ဦးက ပြောသည်။

“အဓိက,က မိုးရာသီမှာအဖြစ်များတဲ့ ဝမ်းပျက်ဝမ်းလျှောနဲ့ ဖျားနာတာတွေအတွက် ဆေးဝါးရယ်၊ နောက်တစ်ခုက ကိုယ်ဝန်ဆောင်၊ ကလေးနဲ့ သက်ကြီးရွယ်အိုတွေအတွက် အားဆေးရယ်

လိုအပ်နေတယ်။ သွားလာရေးခက်ခဲနေလို့ လိုအပ်သလောက် မကူညီနိုင်ဘူး။ အခုဆို စစ်ဘေးရှောင်နေတဲ့နေရာကို စားနပ်ရိက္ခာပို့ဖို့က အခက်အခဲဖြစ်နေတယ်” ဟု ၎င်းက ပြောသည်။

လွန်ခဲ့သော (၂) လခန့်က အုပ်ချုပ်ရေးမှူးများ၏ထောက်ခံချက်ဖြင့် မြို့ပေါ်ရှိ စစ်ရှောင်ပြည်သူများထံသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ကူညီထောက်ပံ့နိုင်သော်လည်း ယခုနောက်ပိုင်းတွင် ထောက်ပံ့ပစ္စည်းများကို စစ်ရှောင်ပြည်သူများကိုယ်တိုင် လာရောက်ထုတ်ယူနေရသည်။

သွားလာရေးကန့်သတ်ခြင်းနှင့် စစ်ဆေးမှုတင်းကြပ်ခြင်းတို့ကြောင့် ကော့ကရိတ်မြို့နယ်တွင် (၄) လအတွင်း ကုန်ဈေးနှုန်းသည် (၃) ဆခန့် မြင့်တက်လာသည့်အပြင် ကုန်စည်ရှားပါးမှုပြဿနာလည်း ဖြစ်ပေါ်နေသည်။

“နှစ်ဖက်စလုံးက အဝင်အထွက်ကို ပိတ်ထားတော့ ကုန်စည်စီးဆင်းမှု ပြတ်တောက်နေတာပေါ့။ မှောင်ခိုသွင်းပြီး ရောင်းနေတော့ ဈေးတွေက အဆမတန်ကြီးနေတာ” ဟု ကော့ကရိတ်ဒေသခံတစ်ဦးက ပြောသည်။

နှစ်ဖက်တိုက်ပွဲကြောင့် ကော့ကရိတ်မြို့မှ ရပ်ကွက် (၇) ခု၊ ကျုံဒိုးမြို့မှ ရပ်ကွက် (၆) ခုနှင့် အာရှလမ်းမကြီးတလျှောက်ရှိ ကျေးရွာ (၁၇) ရွာကျော်မှ ဒေသခံပြည်သူများ စစ်ဘေးရှောင်နေရပြီး ယနေ့အချိန်အထိ နေရပ်မပြန်နိုင်သေးချေ။

**“အဓိက,က မိုးရာသီမှာအဖြစ်များတဲ့ ဝမ်းပျက်ဝမ်းလျှောနဲ့ ဖျားနာတာတွေအတွက် ဆေးဝါးရယ်၊ နောက်တစ်ခုက ကိုယ်ဝန်ဆောင်၊ ကလေးနဲ့ သက်ကြီးရွယ်အိုတွေအတွက် အားဆေးရယ် လိုအပ်နေတယ်။ သွားလာရေးခက်ခဲနေလို့ လိုအပ်သလောက် မကူညီနိုင်ဘူး။ အခုဆို စစ်ဘေးရှောင်နေတဲ့နေရာကို စားနပ်ရိက္ခာပို့ဖို့က အခက်အခဲဖြစ်နေတယ်”**

**“နှစ်ဖက်စလုံးက အဝင်အထွက်ကို ပိတ်ထားတော့ ကုန်စည်စီးဆင်းမှု ပြတ်တောက်နေတာပေါ့။ မှောင်ခိုသွင်းပြီး ရောင်းနေတော့ ဈေးတွေက အဆမတန်ကြီးနေတာ”**

# ဘားအံအကျဉ်းထောင်မှာ နိုင်ငံရေးအကျဉ်းသားတစ်ဦး မတရားရိုက်နှက်ခံရပြီး သေဆုံး




**ဇူလိုင် ၂၉၊ ၂၀၂၅**

2025 ဇူလိုင် (၂၁) ရက်နေ့က ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ဘားအံအကျဉ်းထောင်မှ အကျဉ်းချနေတဲ့ နိုင်ငံရေးအကျဉ်းသားတစ်ဦးကို ထောင်အာဏာပိုင်များက မတရားဝိုင်းဝန်းရိုက်နှက်ခံရခြင်းကြောင်း သေဆုံးမှု ဖြစ်ပွားခဲ့ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးအကျဉ်းသားများကွန်ရက် (PPNM) ထံမှ သိရသည်။

ဘားအံအကျဉ်းထောင်၌ ပုဒ်မ ၅၀ (ည)ဖြင့် ထောင်ဒဏ် (၇) နှစ်ဖြင့် အကျဉ်းချခံရတဲ့ နိုင်ငံရေးအကျဉ်းသား ကိုအောင်နိုင်စိုးသည့် အကျဉ်းထောင်ရှိ သက်ကြီးဆောင် အကျဉ်းသားအချင်းချင်း မတော်တဆ စကားများရန်ဖြစ်ခဲ့ရာမှ ပါဝင်ခဲ့ဟု စွပ်စွဲပြောဆိုကာ အကျဉ်းထောင်ဝန်ထမ်း (၃၀) လောက်က တန်းပိတ်ချိန် ပြင်ပကို ခေါ်ထုတ်ရိုက်နှက်ခဲ့သည်။

ထို့သို့ မတရားညှဉ်းပန်းနှိပ်စက်ခံရမှုမှ ရရှိထားသော ဒဏ်ရာများဖြင့် ကိုအောင်နိုင်စိုးသည့် ဇူလိုင် (၂၁) ရက်နေ့ကပင် သေဆုံးခဲ့ကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးအကျဉ်းသားများကွန်ရက် ဇဟိုးဦးဆောင်ကော်မတီဝင် ကိုသိုက်ထွန်းဦးက ပြောဆိုသည်။

"ကိုအောင်နိုင်စိုးက စကားများရန်ဖြစ်တဲ့နေရာမှာ ပါဝင်ခဲ့ခြင်းမရှိသလို့ နဂိုမူလကတည်းက အခြားအကျဉ်း ဦးစီးဌာနတွေနဲ့ ပုဂ္ဂိုလ်ရေးရာအရ မနာလို မုန်းတီးမှုတွေ ရှိနေတယ်လို့တော့ စုံးစမ်းသိရှိရတယ်။ အကြောင်းပြ ချက်တစ်ခုပေးပြီးတော့မှာ လုပ်သင့်တာထက် ပို့ပြီးကျူးလွန်းတော့ လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်တဲ့ ညှဉ်းပန်းနှိပ်စက်မှုရောက်သွားပြီးမှာ အသက်မသေသင့်တဲ့ နိုင်ငံရေးအကျဉ်းသားတစ်ယောက် သေဆုံးသွားတဲ့ အခြေအနေအထိ ဖြစ်ခဲ့တယ်" ဟု ၎င်းက ဆိုသည်။

အဆိုပါ နိုင်ငံရေးအကျဉ်းသား ကိုအောင်နိုင်စိုးကို မတရားညှဉ်းပန်းနှိပ်စက်သတ်ဖြတ်သူများမှ လက်ထောက် ကြီးကြပ်ရေးမှူး ကြည်ခိုင် ၉/စကတ(နိုင်) ဝ၆၄၇၆၃၊ လက်ထောက်ကြီးကြပ်ရေးမှူး သွင်ထူး ၁၄/ဖပန(နိုင်) ၁ဝ၄၆ဝ၈၊ ဒုတိယတပ်ကြပ် စိုးသူရသိန်း ၇/ဝမန(နိုင်) ဝ၁၆ဝ၃၃၊ တပ်သား ကိုကိုဖြိုး ၁၂/သဃက(နိုင်) ၃၃ဝ၅၃၇၊ တပ်သားချစ်ဦးဇော် ၃/ဘအန(နိုင်) ၄၅၇၁၄၂ နဲ့ တပ်ကြပ်ကြီး ဝင်းမောင် ၉/ညဥန(နိုင်) ဝဝ၁ဝဝ၈ တို့ပါဝင်ခဲ့ပြီး ကျန်တဲ့သူတွေကိုလည်း ထပ်မံစီစစ်ဖော်ထုတ်သွာမည့်ဖြစ်ကြောင်း PPNMက ပြောဆိုထားသည်။

နိုင်ငံရေးအကျဉ်းသား ကိုအောင်နိုင်စိုး သေဆုံးမှုနှင့် ပတ်သက်ပြီး အကျဉ်းထောင်ဦးဌာနဘက်က နှလုံးရောဂါ ဖြင့် သေဆုံးခဲ့ဟု ထုတ်ပြန်လာခဲ့သည်။

"ဒါကို ကျွန်တော်တို့ဘက် ထိရောက်တဲ့ အရေးယူမှု ဆောင်ရွက်ပေးဖို့ အခြေအနေမျိုးမှာ အခုချိန်ထိ နိုင်ငံရေး အကျဉ်းသားတစ်ဦးသေဆုံးလောက်ကိုဘဲ ထုတ်ပြန်နိုင်တာဟာ တာဝန်ကျေတဲ့လို မယူဆပါဘူး။ ကျူးလွန်တဲ့ သူများကို ထိုက်သင့်တဲ့ အပြစ်ဒဏ်ကို ပေးဖို့ ကြိုးစားသွားမယ်လို့ ပြောချင်ပါတယ်" ဟု ယင်းကော်မတီဝင် ကို သိုက်ထွန်းဦးက ထပ်မံ ပြောခဲ့သည်။

ဘားအံအကျဉ်းထောင်ရှိ ထောင်ဝန်းထမ်းများသည့် ယခုနှစ်ပိုင်းအတွင်း နိုင်ငံရေးအကျဉ်းသားများကို ဖိနှိပ်နေ သလို့ တန်းစီချိန် ခေါင်းအနည်းငယ်လှုပ်ရင်လည်း ချက်ချင်းခေါ်ယူကာ ခြေကျင်းဒေါက်ခတ်တဲ့ထိ ပြစ်ဒဏ်ပေး ပြီး လူ့အခွင့်အရေးချိုးဖောက်နေကြောင်း သိရသည်။

ပြီးခဲ့တဲ့ ဇူလိုင်လ (၁၉) ရက်နေ့ကလည်း မွန်ပြည်နယ် သထုံအကျဉ်းထောင်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ် (NLD) အလုပ်အမှုဆောင်တစ်ဦးဖြစ်တဲ့ နိုင်ငံရေးအကျဉ်းသား ကိုပြည့်စုံအောင်သည့် အကြောကတ်ကာ ဆေးဝါးကုခွင့်မရဘဲ သေဆုံးခဲ့ကြောင်း သိရသည်။

"ကိုအောင်နိုင်စိုးက စကားများရန်ဖြစ်တဲ့နေရာမှာ ပါဝင်ခဲ့ခြင်းမရှိသလို့ နဂိုမူလကတည်းက အခြားအကျဉ်း ဦးစီးဌာနတွေနဲ့ ပုဂ္ဂိုလ်ရေးရာအရ မနာလို မုန်းတီးမှုတွေ ရှိနေတယ်လို့တော့ စုံးစမ်းသိရှိရတယ်။ အကြောင်းပြ ချက်တစ်ခုပေးပြီးတော့မှာ လုပ်သင့်တာထက် ပို့ပြီးကျူးလွန်းတော့ လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်တဲ့ ညှဉ်းပန်း နှိပ်စက်မှုရောက်သွားပြီးမှာ အသက်မသေသင့်တဲ့ နိုင်ငံရေးအကျဉ်းသားတစ်ယောက် သေဆုံးသွားတဲ့အခြေအနေ အထိ ဖြစ်ခဲ့တယ်"



# ပုလောတွင် ဒရုန်းနှင့်လက်နက်ကြီးတိုက်ခိုက်မှုကြောင့် အစုလိုက်အပြုံလိုက် သေဆုံး

**ဇူလိုင် ၂၆၊ ၂၀၂၅**

၂၀၂၅ ဇူလိုင်လ (၂၅) ရက်နေ့ ည (၁၀) နာရီ မိနစ် (၃၀) အချိန်တွင် စစ်ကောင်စီက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ တနင်္သာရီတိုင်း ပုလောမြို့နယ် ဇရပ်ဆိပ်ကျေးရွာကို ဒရုန်းဖြင့် ဗုံးကြဲခြင်းနှင့် လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းများ ပြုလုပ်ခဲ့သည်။

ဒရုန်းဖြင့်ကြဲချလိုက်သည့် ဗုံးသီးတစ်လုံးသည် လူနေအိမ်တစ်ခုအပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ရာ အရပ်သား (၁) ဦး သေဆုံးပြီး (၂) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

ထို့ပြင် ပါဒစက်တော်ရာတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့ရာ လက်နက်ကြီးကျည်သည် ယင်းနေအိမ်ကို ထပ်မံထိမှန်ခဲ့ရာ နောက်ထပ် အရပ်သား (၉) ဦး သေဆုံးပြီး (၃) ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

"ဒရုန်းဗုံးသီးကြောင့် ထိခိုက်ခဲ့တဲ့အရပ်သားတွေကို ကယ်ဖို့လုပ်နေတဲ့အချိန်မှာ လက်နက်ကြီးထပ်ကျလာတာ။ သေသွားတဲ့သူအများစုက ခရီးသွားတွေပါ" ဟု ၎င်းက ပြောသည်။

လက်ရှိအခြေအနေတွင် တင်းမာနေသည့်စစ်ရေးအခြေအနေကြောင့် ခရီးသည်များသည် ပြည်ထောင်စုလမ်းမကြီး ပေါ်တွင် သွားလာနိုင်ခြင်း မရှိသဖြင့် နီးစပ်ရာကျေးရွာများတွင် တည်းခိုနေရသည်။

"စစ်ကောင်စီက လူအစုလိုက်အပြုံလိုက်ရှိတဲ့နေရာတွေကို ကြဲချနေတာ။ ကျောင်းသားတွေ ပြည်သူတွေဆိုပြီး ခွဲခြားတာ မဟုတ်ဘူး" ဟု တော်လှန်ရေးတပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။



မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်။

ပြီးခဲ့သည့်ဇူလိုင်လ (၂၄) ရက်နေ့တွင်လည်း ပုလောမြို့နယ် ပလမြို့နှင့် ကျောက်ကန်ဖဲကျေးရွာကို လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ရာ အမျိုးသား (၂) ဦးနှင့် အမျိုးသမီး (၂) ဦး သေဆုံးခဲ့သည်။

စစ်ကောင်စီတပ်၏ မြိတ်အခြေစိုက် လေတပ်စခန်းမှ ဂျက်ဖိုက်တာတိုက်လေယာဉ်တစ်စီးသည် တိုက်ပွဲဖြစ်ပွားမှုမ ရှိဘဲ ပလမြို့ကို လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ပြီး စက်သေနတ်ဖြင့်ပါ ပစ်ခတ်ခဲ့သည့်အပြင် လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပလမြို့ အသက် (၅၀) ကျော်အရွယ် လင်းမယားနှစ်ဦး ထိမှန်သေဆုံးခဲ့သည်။

ဒါအပြင် လက်နက်ကြီးဖြင့် ပစ်ခတ်နေမှုကြောင့် ရွာလယ်ပိုင်းရှိ နေအိမ်တစ်ဆောင်ပေါ် ကျရောက်ပေါက်ကွဲခဲ့ကာ အသက် (၄၀) နှစ်အရွယ် မသီတာ ကျည်ထိမှန်သေဆုံးခဲ့ကြောင်း ဒေသခံအမျိုးသားတစ်ဦးက ပြောပြသည်။

“မနေ့က (ဇူလိုင် (၂၄) ရက်နေ့) က ပလမြို့ပေါ်မှာ (၃) ယောက် သေသွားတယ်။ ရွာလယ်ပိုင်း မသီတာက အိမ်ထဲမှာ ကလေးကို ထမင်းကျွေးနေတုန်းမှာ လက်နက်ကြီးကျည်ကျလာတယ်။ လင်းမယားနှစ်ယောက်က ယောကျာ်းဖြစ်သူက ပွဲချင်းပြီးဘဲ မိန်းမဖြစ်သူက ဆေးရုံးရောက်မှာ ဆုံးသွားတာ” ဟု ပလမြို့ခံတစ်ဦးက ဆိုသည်။

အလားတူ ဇူလိုင် (၂၄) ရက်နေ့က ည (၉) နာရီအချိန်ခန့် ပလမြို့မှ တပ်စွဲထားသည့် စစ်ကောင်စီတပ်မှ လက်နက်ကြီး ဖြင့် ရမ်းသမ်းပစ်ခတ်မှုကြောင့် ကျောက်ကန်ဖဲကျေးရွာအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး အမျိုးသားတစ်ဦး သေဆုံးခဲ့ ကြောင်း သိရသည်။

လက်ရှိတွင် စစ်ကောင်စီတပ်ရဲ့ လေကြောင်းဗုံးကြဲမှုနှင့် လက်နက်ကြီးပစ်ခတ်မှုတွေကြောင့် ပလမြို့ရှိ ဒေသခံ အများစု နီးစပ်ရာ ကျေးရွာတွေနဲ့ ဘေးလွတ်ရာနေရာတွေကို ထွက်ပြေးတိမ်းရှောင်နေရဟု သိရသည်။









# မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြေမြှုပ်မိုင်းပေါက်ကွဲမှု ၊ ဒဏ်ရာအနာတရ နှင့် သေဆုံးသူအရေအတွက်

ဇန်နဝါရီလမှ ဇူလိုင်လအထိ ၂၀၂၅

| မွန်ပြည်နယ် | ကရင်ပြည်နယ် | တနင်္သာရီတိုင်း |
|---|---|---|
| ၄ | ၂ | ၈ |

အသက်သေဆုံး ၅

ထိခိုက်ဒဏ်ရာ ၂၅

၁၇


၈

၅


အမျိုးသား - ၁၇ ဦး(၁၃ ဦးဒဏ်ရာရ/ ၄ ဦးသေဆုံး) ၊ အမျိုးသမီး - ၈ ဦး(၇ ဦးဒဏ်ရာ၊ ၁ ဦးသေဆုံး)၊ ကလေးသူငယ် ၅ ဦးဒဏ်ရာ

# ၂၀၂၅ ဇန်နဝါရီကနေ ဇူလိုင်လအထိ လက်နက်ကြီးပစ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ အရေအတွက်

ဇန်နဝါရီလမှ ဇူလိုင်လအထိ ၂၀၂၅






ဒဏ်ရာအနာတရ ရရှိသူ စုစုပေါင်း (၈၄) ဦး၊ အမျိုးသမီး(၂၆)ဦး၊အမျိုးသား(၃၆)ဦး၊ ကလေးသူငယ်(၂၂)ဦး





သေဆုံးသူ စုစုပေါင်း (၅၀) ဦး၊ အမျိုးသမီး(၁၄)ဦး၊အမျိုးသား(၂၈)ဦး၊ ကလေးသူငယ်(၈)ဦး

# ၂၀၂၅ ဇန်နဝါရီကနေ ဇူလိုင်လအထိ ဒရုန်း နှင့် လေကြောင်းတိုက်ခိုက်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ အရေအတွက်





ဒဏ်ရာအနာတရ ရရှိသူ စုစုပေါင်း (၁၈၀) ဦး၊ အမျိုးသမီး(၄၀)ဦး၊အမျိုးသား(၁၀၅)ဦး၊ ကလေးသူငယ်(၃၅)ဦး




သေဆုံးသူ စုစုပေါင်း (၈၁) ဦး၊ အမျိုးသမီး(၂၂)ဦး၊အမျိုးသား(၄၄)ဦး၊ ကလေးသူငယ်(၁၅)ဦး




မွန်ပြည်လူ့ အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်။

## လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးမြင့်လာခြင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်များက အန္တရာယ်များကြားတွင်ပင် မွန်၊ ကရင်နှင့် တနင်္သာရီဒေများ၌ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက် မှတ်တမ်းတင်ကောက်ခံနေသည်။ ၂၀၂၅ ဇူလိုင်လအကုန်တွင် မတရားဖမ်းဆီးခံရမှု (၁၁၇) မှု၊ ချုပ်နှောင်ထိန်းသိမ်းခံရမှု (၉၇) မှု၊ ထိခိုက်ဒဏ်ရာ ရရှိမှု (၇၀) မှုနှင့် မတရားသတ်ဖြတ်ခံရမှု (၃၈) မှုတို့ ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

### ၂၀၂၅ ဇူလိုင်လတွင် မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင် အပြစ်မဲ့ပြည်သူများ ဖမ်းဆီးခံရမှု၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သတ်ဖြတ်ခံရမှုအခြေအနေများ

ဇူလိုင်လ ၂၀၂၅




3+

**စစ်ကောင်စီက ထောင်ဒဏ်ချမှတ်ခဲ့သည့် ဒီမိုကရေစီအရေး ဆန္ဒပြသူများနှင့် တက်ကြွလှုပ်ရှားသူဦးရေ**

# မွန်ပြည်နယ်အတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်ခံရမှု မှတ်တမ်း

# ဇူလိုင်လ ၂၀၂၅

## မတရားဖမ်းဆီးမှု

၁။၂၀၂၅ ဇွန်လ (၁၆) ရက်နေ့တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် တိုးဂိတ်ဟောင်းနေရာတွင် ခရီးသည်ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသွားလူငယ်နှစ်ဦးကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက ယာဉ်ပေါ်မှ အတင်းဆွဲချကာ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ခရီးသည်တင်ယာဉ်သည် ဘီးလင်းမြို့နယ်မှ သထုံမြို့နယ်သို့ ထွက်ခွာလာခြင်းဖြစ်ပြီး ဘီးလင်းမြို့နယ် ကော့ကဒွတ်ကျေးရွာမှ ဒေသခံလူငယ် (၂) ဦးကို စစ်တပ်က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အသက် (၁၈) နှစ်အရွယ် မောင်အောင်အောင်ဦးနှင့် မောင်မင်းခန့်တို့သည် သထုံမြို့သို့ ပစ္စည်းဝယ်ယူရန် သွားရောက်စဉ် အကြောင်းမဲ့ဖမ်းဆီးခံလိုက်ရခြင်း ဖြစ်သည်။

၂။ ၂၀၂၅ ဇူလိုင် (၁) ရက်နေ့တွင် မွန်ပြည်နယ်၊ ရေးမြို့နယ် အာယုတောင်ကျေးရွာ အခြေစိုက် အမှတ် (၃၄၃) ခြေမြန်တပ်ရင်း၏ စခန်းကုန်းကို "ရေးဘီးလူး"အဖွဲ့က ဝင်ရောက်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ပြည်လည်ပစ်ခတ်ခဲ့ရာ နေအိမ်နှစ်လုံး ထိခိုက်ပျက်စီးခဲ့သလို ဒေသခံများထံမှ သိရသည်။

"အဲနေ့က (၄၅) မိနစ်လောက် နှစ်ဖက်ပစ်ခတ်မှုဖြစ်ခဲ့တယ်၊ လက်နက်ကြီး၊ လက်နက်ငယ်ရော ပစ်နေကြတယ်။ လက်နက်ကြီးနှစ်လုံးက လမ်းမကြီးဘက်ကိုကျတော့ အိမ်နှစ်လုံးထိသွားတယ်လို့ကြားတယ်။ ဘယ်သူမှ သွားမကြည့်ရဲဘူး" ဟု ဒေသခံ အမျိုးသမီးတစ်ဦးက ပြောသည်။

ယင်းတိုက်ပွဲပြီးနောက် အာယုတောင်လမ်းဝတွင် စစ်ကောင်စီဘက်က အမျိုးသားတစ်ဦးကို "ရေးဘီးလူ"အဖွဲ့ဝင်ဟု စွပ်စွဲကာ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ဒေသခံ အမျိုးသားတစ်ဦးက ပြောသည်။

၃။ ၂၀၂၅ ဇူလိုင် (၂၁) ရက်နေ့က မွန်ပြည်နယ်၊ ရေးမြို့နယ် ရန်ကြီးအောင်ရပ်ကွက်တွင် နေထိုင်သူ မယမင်း(ခ) လင်းလင်းသည့် ၎င်း၏ စာမျက်နှာတစ်ခုဖြစ်တဲ့ TIKTOK အကောင့်ဖြစ်တဲ့ "yaminlove"မှတစ်ဆင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီတို့အတွက် လှုံ့ဆော်ဝါဒဖြန့်ဟုဆိုကာ ညနေ (၃) နာရီတွင် လူမှုကွန်ယက်စာမျက်နှာတွင် ထုတ်ပြန်ခဲ့သည်။

သို့သော်လည်း ဖမ်းဆီးခံရသူ၏ TikTok အကောင့်တွင်မူ ပြီးခဲ့တဲ့ ဇူလိုင် (၁၉) ရက်နေ့က ကျရောက်တဲ့ အသက် (၈၀) နှစ်ပြည့် နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့အတွက် ဓါတ်ပုံ ရုပ်သံတစ်ခုတင်ထားသည့်ကို တွေ့ခဲ့ရသည်။

**"ဖမ်းဆီးသွားတဲ့ အကြောင်းအရာ အပြည့်အစုံတော့ မသိရဘူး၊ အခုတော့ သူမကို တရားစွဲဆိုထားတယ်လို့ ကြားတယ်။ စွဲချက်တင်ဖို့ ဘယ်သူမှာ တရားဝင်အကြောင်းကြားထားတာ မရှိသေးဘူး"** ဟု အမည်မဖော်လိုတဲ့ဒေသခံ အမျိုးသမီးတစ်ဦးက ပြောသည်။

ဖမ်းဆီးခံရတဲ့ မယမင်း (ခ) လင်းကို ရေးမြို့မရဲစခန်းမှ လက်ရှိ ချုပ်နှောင်ထားပြီး နိုင်ငံတော် အကြည်ညိုပျက်စေမှု ရာဇသတ်ကြီး ပုဒ်မ - ၅၀၅ (က) ဖြင့် အမှုဖွင့်အရေးယူထားကြောင်း ဒေသခံသတင်းရင်းမြစ်ထံမှ သိရသည်။

၄။ ၂၀၂၅ ဇူလိုင် ဒုတိယအပတ်တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ခြောက်မိုင်းကုန်း ကျေးရွာ အုပ်ချုပ်ရေးမှူးဟောင်းအပါအဝင် ဒေသခံ လေးဦးကိုကားဖြင့် လက်နက်ဘယ် ဆောင်လာသည့်ဟု စွပ်စွဲချက်ဖြင့် စစ်ကောင်စီတပ်မှ ဝင်ရောက်ဖမ်းဆီးခဲ့သည်။

**"လက်နက်တွေ လက်ဝယ်ကိုင်ဆောင်မှု၊ သွေးသောင်းဝန်းကျင်မှ မြေကွက်တွေ ပုံဖော်တာတွေ၊ နိုင်ငံရေးနဲ့ ပတ်သက်ဆက်နွယ်မှု ရှိနေတယ် စွပ်စွဲထားတယ်ရှိတယ်၊ အခု သူတို့ဘယ်ရောက်နေလဲ ကျနော်တို့ မသိသေးဘူး"** ဟု ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောဆိုသည်။

## လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် လူနေအိမ် ထိခိုက်ပျက်စီး ဆုံးရှုံးခြင်း

၁။ ၂၀၂၅ ဇူလိုင် (၁၀) ရက်နေ့ မနက် (၁၁) နာရီတွင် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် မင်းစောကျေးရွာကို စစ်ကောင်စီတပ် ဂျက်ဖိုက်လေယာဉ်တစ်စီးသည့် မနက် (၁၁) နာရီကျော်ခန့်တွင် ဗုံးနှစ်လုံး ကြဲချတိုက်ခိုက်ခဲ့ရာ အရပ်သားများ ထိခိုက်မှုမရှိသော်လည်း နေအိမ်နှစ်လုံးနှင့် စာသင်ကျောင်းတစ်ဆောင် ထိခိုက်ပျက်စီးခဲ့သည်။

**"ရွာခံတွေက လေယာဉ်သံကြားကတည်း ဗုံးခိုးကျင်းတွေထဲ ဝင်နေကြတာ။ အရင်အကြိမ်တွေလည်း ဗုံးကြဲဖူးတာ ရှိတယ်။ အခုကတော့ လူထိခိုက်တာ မရှိဘူး။ အသစ်ဆောက်ထားတဲ့ စာသင်ကျောင်း ထပ်ပျက်သွားတယ်"** ဟု မင်းစောကျေးရွာ ဒေသခံတစ်ဦးက ပြောပြသည်။

၂။ ၂၀၂၅ ဇူလိုင် (၁၇) ရက်နေ့တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ခရွဲကျေးရွာအုပ်စုရှိ သုံးခွကျေးရွာ၌ တိုက်ပွဲဖြစ်ပွားမှုမရှိသော်လည်း စစ်ကောင်စီတပ်မှ (၁၂၀) မမ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။ ယင်းလက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် စောသိန်းထူးရဲ့ အသက် (၁၅) နှစ်အရွယ် စောအာကာဟာ ပခုံးနဲ့ခန္ဓာကိုယ်မှာ ကျည်စထိမှန်ဒဏ်ရာရရှိပြီး သေဆုံးခဲ့ကြောင်း သိရသည်။

၄။ ၂၀၂၅ ဇူလိုင် (၂၃) ရက်နေ့တွင် ဘီးလင်းမြို့နယ် ရန်ကုန် - မော်လမြိုင် ပြည်ထောင်စုလမ်းပိုင်းအပေါ် လုံခြုံရေး စစ်ကြောင်းလှည့်လာတဲ့ စစ်ကောင်စီတပ်မှ အလူးလေးကျေးရွာအနီး ပတ်ဝန်းကျင်ကို လက်နက်ကြီး (၃) လုံး ရမ်းသမ်းပစ်ခတ်ခဲ့ရာ နေအိမ်ခြံဝင်းအတွင်း ကျရောက်ပေါက်ကွဲမှုကြောင့် အသက် (၁၅) နှစ်အရွယ် နော်ခင်နန်းမွေးတွင် မေးစေ့နှင့် ဦးခေါင်း၌ ကျည်စထိမှန်ဒဏ်ရာရရှိပြီး အခင်းဖြစ်ရာ နေရာမှာပင် ပွဲချင်းပြီး သေဆုံးခဲ့သည်။


ဒါအပြင် ဇူလိုင် (၂၃) ရက်နေ့တွင်လည်း နှစ်ဖက်တိုက်ပွဲဖြစ်ပွားပြီးနောက် ဘီးလင်းမြို့နယ် စစ်ကောင်စီတပ် အမှတ် (၄၄) ခြေမြန်တပ်မဌာနချုပ်က အလူးလေးကျေးရွာတွင် လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် အသက် (၂၀) နှစ်အရွယ် မနိုနိုတွင် ဝမ်းဗိုက် ကျည်ထိမှန်ဒဏ်ရာဖြင့် သေဆုံးခဲ့သည်။

**"စစ်တပ်ဘက်က ဒီနောက်ပိုင်း တစ်ပတ်နှစ်ကြိမ်လောက် စစ်ကြောင်းလှည့်နေတာ။ အဲဒီနေ့က ရွာက အပျိုအရွယ် ကောင်မလေး တစ်ယောက် လက်နက်ကြီးထိပြီး ဆုံးသွားတယ်"** ဟု အလူးလေးကျေးရွာ ဒေသခံ တစ်ဦးက ပြောဆိုထားသည်။

အလူးလေးကျေးရွာတွင် တိုက်ပွဲများ မကြာခဏဖြစ်ပွားနေပြီး စစ်ကောင်စီတပ်သာမက တော်လှန်ရေးတပ်ဖွဲ့များကပါ လက်နက်ကြီးများဖြင့် ပစ်ခတ်လေ့ရှိသည်။

၅။ ၂၀၂၅ ဇွန်လ (၂၅) ရက်နေ့မှ (၂၉) ရက်နေ့အတွင်း မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျောက်ရေတွင်း၊ ပိန္နဲကုန်း၊ ဇီးပြောင်း (၁) နှင့် ဝင်းကံကျေးရွာများကို စစ်ကောင်စီတပ်ကတိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လက်နက်ကြီး (၁၀) လုံးထက်မနည်းဖြင့် ပစ်ခတ်ခဲ့သဖြင့် အမျိုးသမီး တစ်ဦး ထိခိုက်ဒဏ်ရာရပြီး နေအိမ်လေးလုံး ပျက်စီးခဲ့သည်ဟု သထုံခရိုင်ကရင် အမျိုးသားအစည်းအရုံးက ထုတ်ပြန်သည်။

ကျောက်ရေတွင်းကျေးရွာမှ ဒေါ်ငွေးသည် ဝမ်းဗိုက်တွင် လက်နက်ကြီးကျည်စ ထိမှန်ပြီး ဒဏ်ရာရခဲ့သည်။ ဇီးပြောင်း (၁) ကျေးရွာမှ နေအိမ် (၁) လုံး၊ ဝင်းကံကျေးရွာမှ နေအိမ် (၂) လုံးနှင့် ကျောက်ရေတွင်းကျေးရွာမှ နေအိမ် (၁) လုံး ထိမှန်ပျက်စီးခဲ့သည်။



## စစ်မှုထမ်းဥပဒေကြောင့် ငွေကြေးကောက်ခံခြင်းနှင့် အတင်းအကြပ် ဖိအားပေးခြင်း

၁။ ၂၀၂၅ ဇူလိုင်ပထမအပတ်စတင်ကာ မွန်ပြည်နယ် မော်လမြိုင်မြို့ပေါ်ရှိ စစ်ကောင်စီ ခန့်အုပ်ချုပ်ရေးများက ဒေသခံပြည်သူများကို "စစ်မှုထမ်ထောက်ပံ့ကြေး" ဟု ဆိုကာ တစ်အိမ်လျှင် (၁၀၀၀၀) ကျပ်မှ (၂၀၀၀၀) ကျပ်အထိ စတင်ကောက်ခံခဲ့သည်။အဆိုပါ ထောက်ပံ့ကြေးမပေးနိုင်တဲ့ မိသားစုဝင်များသည် စစ်မှုထမ်းတစ်ဦးကို ပေးဆောင်ရမည်ဟု အစည်းအဝေးတွင် ထည့်သွင်းပြောဆိုထားသည်။

အလားတူ သံဖြူဇရပ်မြို့ပေါ်၌ တစ်ချို့ရပ်ကွက်တွင်လည်း သတ်မှတ်ထားသည့် စစ်မှုထမ်း အရေးအတွက်အရ အုပ်ချုပ်ရေးအဖွဲ့များကို စစ်ကောင်စီဘက်က ဖိအားပေးနေပြီးခြင်းနှင့် အတူ ရပ်ကွက်အလိုက် မဲနှိုက်ပြီး သတ်မှတ်ထားတဲ့ နံပါတ် ကျရောက်ပါက စစ်မှုထမ်း များ ပို့ဆောင်ရမည်ဖြစ်သည်။

"ဒီပတ် ကျွန်မတို့ ကြားတာက အောင်ဇေယျာရပ်ကွက်ကြားတယ်၊ အုပ်ချုပ်ရေးမှူးတွေ့က အစားထိုးစစ်မှုထမ်း ပေးပို့ဆိုပြီးတော့ ဒေသခံတွေထံမှ ကျပ် (၁၀၀၀၀) ကနေ့ (၅၀၀၀၀) ကျပ်အထိ ကောက်ခံနေတာရှိတယ်" ဟု ဒေသခံသတင်းရင်းမြစ်တစ်ဦးက ဆိုသည်။

ဒါအပြင် စစ်မှုထမ်း အပတ်စဉ် (၁၅) အတွင်း သံဖြူဇရပ်မြို့တွင် ပြည်ပသို့ ရောက်ရှိနေ တဲ့ စစ်မှုထမ်းအကျုံးဝင်တဲ့ လူငယ်များ၏ မိသားစုဝင်ထံ စစ်မှုထမ်းဆောင်ရန် ရှောင်တိမ် သည်ဟု စွပ်စွဲပြောဆိုကာ (၁၀) သိန်းကျပ် ပေးဆောင်ရန် စစ်ကောင်စီခန့်အုပ်ချုပ်ရေးမှူး များက တောင်းဆိုနေကြသည်။

စစ်တပ်အင်အားလိုအပ်ချက်မြင့်မားနေတဲ့ စစ်ကောင်စီတပ်ဟာ စစ်မှုထမ်းအပတ်စဉ် အတိုင်း ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ပိုမို ဖိအားပေးလာနေပြီး တစ်ဖက်တွင်လည်း တစ်ချို့ အုပ်ချုပ်ရေးမှူးများက စစ်မှုထမ်း ထောက်ပံကြေးဟု ဒေသခံ ပြည်သူထံ အဆမတန် ငွေကြေးကောက်ခံနေကြသည်။

၂။ ၂၀၂၅ ဇူလိုင်လ (၂၁) ရက်နေ့တွင် မွန်ပြည်နယ် သထုံမြို့နယ်ရှိ ပအိုဝ်းကျေးရွာများဖြစ် သည့် နောင်ဘို၊ နောင်ကုလား၊ အလံတစ်ရာ၊ ဇရစ်ချောင်းနှင့် သာယာကုန်းစသည့်ကျေးရွာ များတွင် စစ်ကောင်စီခန့် အုပ်ချုပ်ရေးအဖွဲ့က စစ်မှုထမ်းရန်အကျုံးဝင်သည့်လူငယ်များကို ဇူလိုင်လအကုန်တွင် အိမ်တိုင်ရာရောက် လာရောက်ခေါ်ဆောင်မည်ဖြစ်ကြောင်း ထုတ် ပြန်ပြောဆိုလာသဖြင့် ဒေသခံပြည်သူများ စိုးရိမ်ကြောက်လန့်နေကြောင်း သိရသည်။

"ဒေသခံတွေက ကျီးလန့်စာ,စားပြီး နေ,နေရတာပါ။ သားယောက်ျားလေးရှိတဲ့အိမ်တွေဆို ဘယ်နေ့သူ့သားကို လာခေါ်မလဲဆိုပြီး ကြောက်လန့်နေရတယ်။ အုပ်ချုပ်ရေးမှူးဆိုတဲ့သူတွေကလည်း ရပ်ရွာနဲ့ ပြည်သူကို ကာကွယ်ဖို့ထက် သူတို့အကျိုးစီးပွားကိုပဲ ပိုကြည့်နေတယ်။ လူငယ်တွေရှိတဲ့အိမ်တွေဆို ပိုပြီးတင်းကြပ်တယ်" ဟု သထုံမြို့ခံတစ်ဦးက ပြောသည်။

လာရောက်ခေါ်ယူချိန်တွင် လူငယ်များ နေအိမ်တွင် မရှိပါက မိသားစုဝင်များကို ဖမ်းဆီးထောင်ချမည်ဟု အုပ်ချုပ်ရေးမှူးများက ခြိမ်းခြောက်ထားသည်။

## တရားဥပဒေစိုးမိုးမှု ( ရွေးကောက်ပွဲ)

(ရွေးကောက်ပွဲ)

၂၀၂၅ ဒီဇင်ဘာလ တတိယအပတ်နှင့် ၂၀၂၆ ဇန်နဝါရီလတို့တွင် ရွေးကောက်ပွဲပြုလုပ်သွားနိုင်ရန် စစ်ကောင်စီက ပြင်ဆင်လျက်ရှိပြီး အဆိုပါရွေးကောက်ပွဲကိုဆန့်ကျင်တားဆီးသွားမည်ဟု တော်လှန်ရေးအင်အားစုများက ပြောသည်။

မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine – MEVM) ဖြင့်မဲပေးနိုင်ရန်အတွက် စစ်ကောင်စီက သင်တန်းများ ပို့ချနေသည့်အပြင်ရွှေ့ပြောင်းအလုပ်သမားများနှင့် အသက် (၁၈) နှစ်ပြည့်ပြီးသူများအပါအဝင် မှတ်ပုံတင်မပြုလုပ်ရသေးသူများကို မှတ်ပုံတင်ပြုလုပ်ပေးနေကြောင်း သိရသည်။

စစ်ကောင်စီကပြုလုပ်မည့် ရွေးကောက်ပွဲသည် ၎င်းတို့အာဏာတည်မြဲရေးအတွက်သာ ဖြစ်ပြီးနိုင်ငံရေးအနှစ်သာရ မရှိကြောင်း၊ အဆိုပါရွေးကောက်ပွဲဖြင့် လက်ရှိနိုင်ငံရေးပြဿနာများကိုဖြေရှင်းနိုင်မည် မဟုတ်ကြောင်း တော်လှန်ရေးအင်အားစုများက ပြောသည်။

## ညှဥ်ပန်းနှိပ်စက်မှု

၁။ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျိုက်မရောဗဟိုအကျဉ်းထောင်ရှိနိုင်ငံရေးအကျဉ်းသားများကို ထောင်အာဏာပိုင်များက ကိုယ်ထိလက်ရောက် ညှဉ်းပန်းနှိပ်စက်နေကြောင်း နိုင်ငံရေးအကျဉ်းသားတစ်ဦးက မွန်လူထုအသံကို ပြောသည်။

အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းများက နိုင်ငံရေးအကျဉ်းသားများကို အကြောင်းပြချက်မရှိဘဲ ရိုက်နှက်ခြင်းနှင့် နေပူလှန်းခြင်းများအပြင် နည်းအမျိုးမျိုးဖြင့် ညှဉ်းပန်းနှိက်စက်နေကြောင်း ၎င်းက ပြောသည်။

၎င်းပြင် နိုင်ငံရေးအကျဉ်းသားများအတွက် ထောင်ဝင်စာတွေ့ခွင့်နှင့် ဆေးဝါးပေးပို့ခွင့်ကိုလည်း ကန့်သတ်ပိတ်ပင်ထားသဖြင့် နိုင်ငံရေးအကျဉ်းသားအများစုသည် ကျန်းမာရေးအခြေအနေ ဆိုးရွားနေသော်လည်း လုံလောက်သည့်ဆေးကုသခွင့် ဆုံးရှုံးလျက်ရှိကြောင်း သိရသည်။

၂။ ၂၀၂၅ ဇူလိုင်လ (၁၉) ရက်နေ့တွင် မွန်ပြည်နယ် သထုံမြို့နယ် သထုံအကျဉ်းထောင်တွင် ထိန်းသိမ်းခံထားရသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အလုပ်မှုဆောင်တစ်ဦးဖြစ်သူ အသက် (၄၄) နှစ်အရွယ် ကိုပြည့်စုံအောင်သည် အကျဉ်းထောင်တွင် သေဆုံးသွားခဲ့ကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးအကျဉ်းသားများကွန်ရက်ထံမှ သိရှိရသည်။

ကိုပြည့်စုံအောင်သည် ပုဒ်မ ၅၀၅(က) အပါအဝင် နိုင်ငံရေးပုဒ်မများစွာဖြင့် ထောင်ဒဏ် (၆) နှစ် ချမှတ်ခံထားရသည်။ ၎င်းသည် အာဇာနည်နေ့တွင် ကျဆုံးလေပြီးသောခေါင်းဆောင်များကို အလေးပြုပြီးနောက် အကြောကပ်ကာ သတိမေ့မြောသွားခဲ့ပြီး သေဆုံးခဲ့သည်။

## လက်လွတ်စပယ် သတ်ဖြတ်မှု၊

၁။ ၂၀၂၅ ဇူလိုင်လ (၁၂) ရက်နေ့ နေ့လည် (၁၂) နာရီ မိနစ် (၃၀) အချိန်ခန့်တွင် မွန်ပြည်နယ် ရေးမြို့နယ် ဒူးယားကျေးရွာမှ အသက် (၅၀) ဝန်းကျင်ရှိ စစ်မှုထမ်းဟောင်းတစ်ဦးကိုအမည်မသိသေနတ်သမားများက ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း သိရသည်။

ဦးကရင်သည် အဘော်ကျေးရွာမှ ကလေးငယ်တစ်ဦး ပျောက်ဆုံးနေသည်ကိုလိုက်လံရှာဖွေနေစဉ် အဘော်နှင့် ဒူးယားကျေးရွာကြားတွင် ပစ်ခတ်ခံခဲ့ရသည်။ ဝမ်းဗိုက်နှင့်ဦးခေါင်းတွင် သေနတ် (၅) ချက် ထိမှန်ပြီး အခင်းဖြစ်ပွားရာတွင်ပင် သေဆုံးခဲ့သည်။

## စစ်ဘေးရှောင်အခြေအနေ

၁။ မော်လမြိုင်အခြေစိုက် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ အင်အား (၃၀၀) ကျော်အနက် အင်အား (၁၅၀) ခန့်သည် ဓမ္မသကျေးရွာအနီးရှိ ခရုံဂူတွင် တပ်စွဲထားပြီးကျန်အင်အားများသည် ကော့ဘိန်း၊ ကမ်းနီးနှင့် ကျုံဒိုးဒေသများသို့ စစ်ကြောင်းထိုးဝင်ရောက်နေသည့်အပြင် မွန်နှင့် ကရင်ပြည်နယ်အစပ် ကျိုက်မရောမြို့နယ် ဂျိုင်းမြစ်ဒေသကို စစ်ကောင်စီတပ်ကအင်အား (၃၀၀) ကျော်ဖြင့် စစ်ကြောင်းထိုးဝင်ရောက်လာနေသည်။

စစ်ကြောင်းဝင်ရောက်လာမှုကြောင့် ခမ္မသ၊ ကော့ဘိန်း၊ ကော့ပေါက်နှင့် ကျုံဒိုးဒေသရှိဒေသခံပြည်သူများသည် ဘေးလွတ်ရာထွက်ပြေးနေရပြီး အခြားကျေးရွာများနှင့်ဆွေးမျိုးများအိမ်တွင် တိမ်းရှောင်နေရသည်။

## မြေမြှုပ်မိုင်း

၁။ ၂၀၂၅ ဇွန်လ (၂၅) ရက်နေ့ မနက် (၈) နာရီတွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ်မဲလံဂေါင်း ကျေးရွာအုပ်စု ပြင်သာကျေးရွာမှ အသက် (၃၂) အရွယ် အမျိုးသားတစ်ဦးသည်မြေမြှုပ်မိုင်းနင်းမိပြီး မိုင်းပေါက်ကွဲမှုကြောင့် ခြေထောက်တစ်ဖက်ပြတ်တောက်ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

ကိုအောင်အောင်သည် ရွာ၏အနောက်ဘက်ရှိ ၎င်း၏ဥယျာဉ်ခြံတွင် ကြက်မောက်သီးခူးရန် သွားရောက်စဉ် မြေမြှုပ်မိုင်းနင်းမိခြင်း ဖြစ်သည်။ မိုင်းပေါက်ကွဲမှုကြောင့်ညာဘက်ခြေဖဝါး တစ်ခုလုံး ကြေမွသွားခဲ့သည်။



ထိခိုက်ဒဏ်ရာရ

1

## အသက်မွေးဝမ်းကျောင်း

၁။ ၂၀၂၅ ဇူလိုင်လ (၁၆) ရက်နေ့မှစ၍ မွန်ပြည်နယ် မော်လမြိုင်မြို့အဝင်ရှိ သံလွင်တံတား(မော်လမြိုင်)နှင့် အတ္တရံတံတား(မော်လမြိုင်)တို့ကို မနက် (၆) နာရီမှ ည (၈) နာရီအထိသာ ဖြတ်သန်းသွားလာခွင့်ပြုကြောင်း စစ်ကောင်စီက ကန့်သတ်ခဲ့ရာ ခရီးသွားပြည်သူများနှင့် ကုန်စည်ကူးသန်းရောင်းဝယ်သူများအတွက် အခက်အခဲဖြစ်ပေါ်နေကြောင်း သိရသည်။

ယခင်က မနက် (၅) နာရီမှ ည (၉) နာရီအတွင်း ဖြတ်သန်းခွင့်ပြုခဲ့ရာမှ ယခုအခါ လုံခြုံရေးကို အကြောင်းပြကာ လွတ်လပ်စွာသွားလာခွင့်ကို ပိုမိုကန့်သတ်လိုက်ခြင်း ဖြစ်သည်။

**“တံတားဂိတ်ကို မေးကြည့်တော့ လုံခြုံရေးအရ အချိန်တိုးပိတ်တာလို့ ပြောတယ်။ ပိတ်ချိန်တိုးလိုက်တော့ အကုန်လုံး ဒုက္ခရောက်ကုန်တာပေါ့။ မုတ္တမကနေ မော်လမြိုင်ကို ဈေးသွားရောင်းမယ့်သူတွေ ခရီးသွားတွေအားလုံး အခက်အခဲဖြစ်သွားတယ်”** ဟု မုတ္တမ ဒေသခံတစ်ဦးက ပြောသည်။

၂။ မွန်ပြည်နယ်ရှိ အခြေခံပညာရေးကျောင်းသူကျောင်းသားအများစုသည် ပညာရေးအတွက် ကျောင်းချိန်ပြင်ပ သင်ကြားပေးသည့် ကျူရှင်များကိုသာ အဓိကအားကိုးနေရပြီး ယခုပညာသင်နှစ်တွင် ကျူရှင်စရိတ် ဈေးနှုန်းမြင့်တက်လာမှုကြောင့် အခြေခံလူတန်းစား ကျောင်းသားကျောင်းသူမိဘများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်လာကြောင်း သိရသည်။

Grade (1) မှ Grade (10) အထိ ကျူရှင်ခသည် တစ်လလျှင် (၁၅,၀၀၀) မှ (၅၀,၀၀၀) ကျပ်အထိ ရှိပြီး Grade (11) နှင့် Grade (12) အတွက် ကျူရှင်ခသည် တစ်လလျှင် (၈၀,၀၀၀) မှ (၁၅၀,၀၀၀) ကျပ်အထိ ရှိနေသည်။ မြို့နယ်အလိုက် ဈေးနှုန်းကွာဟမှုရှိကြောင်း ကျောင်းသားမိဘများက ပြောသည်။

# ကရင်ပြည်နယ်အတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက် ဇူလိုင်လ ၂၀၂၅

## လက်နက်ကြီး ပစ်ခတ်မှု

၁။ ၂၀၂၅ဇူလိုင်(၂၃)ရက်နေ့ည(၁၁)နာရီအချိန်ခန့်ကကရင်ပြည်နယ်၊ကျုံဒိုးမြို့နယ်စစ်ကောင်စီအခြေစိုက်ခြေမြန်တပ်ရင်း(၅၄၅)တပ်ရင်းမှတိုက်ပွဲဖြစ်ပွားမရှိဘဲဟောင်ဝင်စာ (၁၂၂) လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်မှုပြုလုပ်ခဲ့သည်။
အဆိုပါလက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုကြောင့်ကျုံဒိုးမြို့နယ်၊တောင်ကမ္ဘရိုက်ကျေးရွာပြင်ပနှင့်ကျေးရွာရှိစာသင်ကျောင်းခန်းမတွင်ကျရောက်ပေါက်ကွဲခဲ့ရာစာသင်ကျောင်းဆောင်ထိခိုက်ပျက်စီးခဲ့သည်။

## စစ်ဘေးရှောင်အခြေအနေ (ကလေးငယ် ပညာရေး)

၁။ ၂၀၂၅ဧပြီလကတည်းကကရင်ပြည်နယ်ကော့ကရိတ်မြို့နယ်ကျုံဒိုးမြို့အနီးတဝိုက်ကိုစစ်ကောင်စီကစစ်ကြောင်းထိုးခြင်း၊လက်နက်ကြီးနှင့်လေကြောင်းတိုက်ခိုက်မှုများနေ့စဉ်ရက်ဆက်ပြုလုပ်နေသဖြင့် ရိုးမဟာနှင့်ကျားကလေးကျေးရွာအုပ်စုရှိ နှောင်ပတောက်၊သာမည၊ သာယာကုန်း၊ ကော့ကတော၊ ငါးတိုင်၊ လေးတိုင်၊ ကိုးတိုင်၊ ရေပူကြီး၊ အင်းကြီး၊ကော့ဖလွတ်၊ ကော့ကမာနှင့် ကျုံဒိုးချောင်းဖျားကျေးရွာများမှ ကျောင်းသားကျောင်းသူ (၂၀,၀၀၀) ကျော်သည် စစ်ဘေးရှောင်နေရကြောင်း သိရသည်။
အဆိုပါကျောင်းသားကျောင်းသူများသည်ကရင်ပြည်နယ်ဘားအံနှင့်မွန်ပြည်နယ်မော်လမြိုင်မြို့များတွင်စစ်ဘေးရှောင်နေပြီးကျောင်းထွက်လက်မှတ်နှင့်ရပ်ကျေးထောက်ခံစာများ မရရှိခြင်းကြောင့်ကျောင်းအပ်နှံနိုင်ခြင်းမရှိဘဲကျောင်းရပ်နားထားရကြောင်း သိရသည်။

၂။ ၂၀၂၅ ဇွန်လ (၉) ရက်နေ့တွင် စစ်ကောင်စီက ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ပိုင်ရပ်ကျေးရွာရှိ ကိုယ်ထူကိုယ်ထစာသင်ကျောင်းတစ်ခုကို ဗုံးကြဲတိုက်ခိုက်ခဲ့ပြီးနောက် ဒေသခံပြည်သူ (၂၀၀) နီးပါးသည် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

တိုက်ခိုက်မှုပြီးနောက်စစ်ကောင်စီတပ်ကပိုင်ရပ်ကျေးရွာကိုလေယာဉ်ဖြင့်ကင်းထောက် ခြင်းနှင့် လက်နက်ကြီးဖြင့် မကြာခဏပစ်ခတ်နေခြင်းတို့ကြောင့်ထွက်ပြေးလာသည့် စစ်ဘေးရှောင်ပြည်သူများသည်ဇူလိုင်လ(၄)ရက်နေ့အထိနေရပ်မပြန်ရဲကြသေးကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

၃။ ၂၀၂၅ မတ်လ (၁၄) ရက်နေ့မှစ၍ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ကော့ကရိတ်-ကျုံဒိုးအာရှလမ်းမကြီးတလျှောက်တွင်ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်နှင့်စစ်ကောင်စီတပ်တို့အကြား တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့ပြီး ဒေသခံ ပြည်သူ (၃၅,၀၀၀) ကျော်ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

အဆိုပါစစ်ရှောင်ပြည်သူများသည် စစ်ရှောင်စခန်းများ၊ နီးစပ်ရာကျေးရွာများနှင့် ဘုန်း တော်ကြီးကျောင်းများတွင် ခိုလှုံနေရသည်။

ယနေ့အထိ တိုက်ပွဲများ ဆက်လက်ပြင်းထန်နေသည့်အပြင် စစ်ကောင်စီတပ်က မော်လ မြိုင်-ကျုံဒိုး-ကော့ကရိတ်လမ်းပိုင်းတွင်သွားလာရေးကန့်သတ်ခြင်းနှင့်စစ်ဆေးရေးတင်း ကြပ်နေခြင်းတို့ကြောင့် စစ်ရှောင်ပြည်သူများကို ကူညီထောက်ပံ့ရန်ခက်ခဲလာကြောင်း စစ်ဘေးရှောင်အရေး ကူညီပေးနေသူတစ်ဦးက ပြောသည်။

၄။ ယခုဇူလိုင်နောက်ဆုံးပတ်အတွင်း ကရင်ပြည်နယ်၊ ကော့ကရိတ်- ကျုံဒိုးလမ်းပိုင်းကို စစ်ကောင်စီတပ်အင်အား (၂၀၀) ဝန်းကျင်တိုးချဲ့လာပြီး လက်နက်ကြီး လက်နက်ငယ် ရမ်းသမ်းပစ်ခတ်မှုကြောင့် ထိုင်း- မြန်မာနယ်စပ် ကုန်သွယ်ရေးလမ်းဖြစ်သည့် အာရှလမ်းမ ကြီးပေါ်ရှိ ကျုံဒိုး-ကော့ကရိတ်လမ်းပိုင်းအနီးတစ်ဝိုက် ကွန်းကလေး၊ ညီညာသာလင်း၊ လေးတိုင်၊ ငါးတိုင်၊ ရေပူကြီး၊ တောင်ဖျား၊ ကိုးတိုင်၊ ကော့ဝါလယ်၊ ကော့ဖလို၊ ကော့ကမာ၊ ကော့ဖလန် နှင့် ကျုံဒိုးမြို့ပေါ်ရှိ ဒေသခံထောင်ချီ ထောင်ချီ စစ်ဘေးရှောင်နေရသည်ဟု ကျုံဒိုးဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

လက်ရှိ၌ ထိုဒေသအတွင်း တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့တို့အပြင် စစ်ကောင်စီတို့က လည်း တပ်အင်အားတိုးချဲ့နေသည့်အတွက်ကြောင့် မိုးရာသီအကုန် ဝါတွင်းကာလအတွင်း တိုက်ပွဲအပြင်အထန် ဖြစ်နိုင်မည်ဟု ဒေသခံများ ခန့်မှန်းပြောဆိုနေကြသည်။

## တရားဥပဒေစိုးမိုးမှု (ညှင်းပန်းနှိပ်စက်သတ်ဖြတ်ခြင်း)

၁။ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့အနီးတစ်ဝိုက်ကို စစ်ကောင်စီတပ်မှ လက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်နေသည့်အပြင် အနီးအနားကျေးရွာများတွင်လည်း ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် ပူးပေါင်းတပ်တို့က လှုပ်ရှားသွားလာနေသဖြင့် ကျေးရွာများအတွင်း တိုက်ပွဲများဖြစ်ပွားလာမည်ကို ဒေသခံပြည်သူများက စိုးရိမ်နေသည်။

လက်နက်ကြီးပစ်ခတ်မှုအပြင် တိုက်လေယာဉ်များကလည်း ကျေးရွာများအပေါ် နေ့စဉ်ပျံသန်းသွားလာနေကြောင်း ဒေသခံများက ပြောသည်။

၂။ ၂၀၂၅ ဇူလိုင် (၂၁) ရက်နေ့က ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ဘားအံအကျဉ်းထောင်မှ အကျဉ်းချနေတဲ့ နိုင်ငံရေးအကျဉ်းသားတစ်ဦးကို ထောင်အာဏာပိုင်များက မတရားဝိုင်းဝန်းရိုက်နှက်ခံရခြင်းကြောင်း သေဆုံးမှု ဖြစ်ပွားခဲ့ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးအကျဉ်းသားများကွန်ရက် (PPNM) ထံမှ သိရသည်။

ဘားအံအကျဉ်းထောင်၌ ပုဒ်မ ၅၀၅ (က)ဖြင့် ထောင်ဒဏ် (၇) နှစ်ဖြင့် အကျဉ်းချခံရတဲ့ နိုင်ငံရေးအကျဉ်းသား ကိုအောင်နိုင်စိုးသည့် အကျဉ်းထောင်ရှိ သက်ကြီးဆောင်အကျဉ်းသားအချင်းချင်း မတော်တဆ စကားများရန်ဖြစ်ခဲ့ရာမှ ပါဝင်ခဲ့ဟု စွပ်စွဲပြောဆိုကာ အကျဉ်းထောင်ဝန်ထမ်း (၃၀) လောက်က တန်းပိတ်ချိန် ပြင်ပကို ခေါ်ထုတ်ရိုက်နှက်ခဲ့သည်။

ထို့သို့ မတရားညှဉ်းပန်းနှိပ်စက်ခံရမှုမှ ရရှိထားသော ဒဏ်ရာများဖြင့် ကိုအောင်နိုင်စိုးသည့် ဇူလိုင် (၂၁) ရက်နေ့ကပင် သေဆုံးခဲ့ကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးအကျဉ်းသားများကွန်ရက် ဗဟိုးဦးဆောင်ကော်မတီဝင် ကိုသိုက်ထွန်းဦးက ပြောဆိုသည်။

## အသက်မွေးဝမ်းကျောင်း

၁။ ၂၀၂၅ မတ်လ ဒုတိယအပတ်မှစ၍ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့တွင် စစ်ကောင်စီက ဖုန်းနှင့် အင်တာနက်လိုင်းများကို ဖြတ်တောက်ခဲ့သည်။

(၃) လအကြာ ဇွန်လ (၂၉) ရက်နေ့တွင် ဒေသခံများ အဓိကသုံးစွဲသည့် ATOM ဖုန်းလိုင်းများပြန်လည်ရရှိခဲ့သော်လည်း 2G လိုင်းများသာဖြစ်နေသဖြင့် အင်တာနက်သုံးစွဲ၍ မရကြောင်းသိရသည်။

"ဖုန်းလိုင်းတွေကို 2G ပဲ ပြန်ဖွင့်ပေးတယ်။ အဲဒါကြောင့် အင်တာနက်သုံးလို့ မရဘူး။ မြန်မာဖုန်းလိုင်းတွေ လိုင်းတအားကြပ်တယ်။ သုံးလေးခါလောက်ခေါ်မှ ဆက်လို့ရတယ်" ဟုဘုရားသုံးဆူမြို့ခံတစ်ဦးက ပြောသည်။

ATOM ဖုန်းလိုင်းများ ပြန်လည်ရရှိသော်လည်း တစ်ရက်လျှင် (၁) ကြိမ်သို့မဟုတ် (၂) ကြိမ်လိုင်းပြတောက်နေတတ်ပြီး ဆက်သွယ်ပြောဆိုရာတွင်လည်း "ပြတ်တောင်းပြတ်တောင်း" ဖြစ်လျက်ရှိသည်။

# တနင်္သာရီတိုင်းဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက် ဇူလိုင်လ ၂၀၂၅

## လက်နက်ကြီးတိုက်ခိုက်မှုနှင့် စစ်ဘေးရှောင် ဒေသခံများ


၁။ ၂၀၂၅ဇူလိုင်(၈)ရက်နေ့ညနေ(၄)နာရီအချိန်ခန့်ကတနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ကလိန်အောင်မြို့အခြေစိုက် ခြေလျင်တပ်ရင်း (၂၈၂) မှ တိုက်ပွဲဖြစ်ပွားမှုမရှိဘဲ ဒေသခံပြည်သူများနေထိုင်ရာ ကျေးရွာထဲသို့ လက်နက်ကြီး (၇) လုံး ရမ်းသမ်းပစ်ခတ်ခဲ့သည်။

ယင်းပစ်ခတ်လိုက်တဲ့ လက်နက်ကြီးကျည်တစ်လုံးဟာ ရေဖြူမြို့နယ် ကော့လှိုင်ကျေးရွာအနီး ဥယျာဉ်ခြံအတွင်းရှိ နေအိမ်တစ်လုံးပေါ် ကျရောက်ပေါက်ကွဲခဲ့ရာ ကလေးငယ် (၃) ဦးအပါအဝင် မိသားစုဝင်(၄)ဦးသေဆုံးခဲ့ပြီးမိခင်ဖြစ်သူမှာလက်တစ်ဖက်ဆုံးရှုံးခဲ့ရသည်။

၂။ ၂၀၂၅ ဇူလိုင် (၈) ရက်မှ (၁၆) ရက်နေ့အထိ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ် ရာဖူးကျေးရွာအုပ်စု မရမ်းချောင်းနှင့် မိုင်း (၆၀) ကျေးရွာများကို တိုက်ပွဲဖြစ်ပွားမှုမရှိသော်လည်း ကလိန်အောင်မြို့ စစ်ကောင်စီ ခြေလျင်တပ်ရင်း (၂၈၂) မှ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့နေသည့်အတွက် စိုးရိမ်ကြောက်လန့်နေခြင်းကြောင်း ကျေးရွာနေ ဒေသခံ တစ်ချို့ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေရသည်။

“ဇူလိုင် (၁၅) ရက်နေ့က မိုင် (၆၀) ကျေးရွာဘေးမှာ ကျည် (၁) လုံး ကျတယ်။ ရာဘာခြံတွေထဲမှာလည်း ကျည်တချို့ကျတာ ရှိတယ်။ လူထိခိုက်မှုမရှိသေးပေမဲ့ လက်နက်ကြီးကျည်တွေက ရွာဘေးမှာ ခဏခဏကျနေတယ်” ဟု မိုင် (၆၀) ကျေးရွာမှဒေသခံတစ်ဦးက ပြောသည်။

ဒါအပြင် ရာဖူးကျေးရွာအုပ်စုတွင် တော်လှန်ရေးတပ်ဖွဲ့များ သွားလာလှုပ်ရှားနေပြီး ကျေးရွာများအတွင်းလုံခြုံရေး



ချထားမှုများ ရှိနေသဖြင့် တိုက်ပွဲဖြစ်ပွားလာမည်ကို စိုးရိမ်ကာ ဒေသခံပြည်သူ (၁၀၀) ကျော်သည် တိမ်းရှောင်နေကြသည်။

၃။ ၂၀၂၅ ဇူလိုင် (၂၁) ရက်နေ့က တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်အရှေ့တော ဒေသ၊ ဟိန္ဒူချောင်းရွာအနီးတွင် မနက် (၈) နာရီအချိန်ခန့် စစ်ကောင်စီတပ်နှင့် ကရင် အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) တို့နှစ်ဖက်ထိတွေ့မှု ဖြစ်ပွားခဲ့သည်။

နှစ်ဖက်တိုက်ပွဲဖြစ်ပွားပြီးနောက် စစ်ကောင်စီတပ်မှ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ရာ လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲမှုကြောင်း ထားဝယ်မြို့သို့သွားရောက်ရန် ဟိန္ဒူ ချောင်းရွာအနီးတွင် လှေဖြင့် ကူးခပ်နေတဲ့ ခရီးသည်အနီး ကျရောက်ပေါက်ကွဲခဲ့ရာ ကား သမားတစ်ဦးနှင့်ခရီးသည်တစ်ဦးတို့သေဆုံးခဲ့ပြီး ခရီးသည်ငါးဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။

၄။ ၂၀၂၅ ဇူလိုင် (၂၂) ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ် ကော့လှိုင်ကျေးရွာအတွင်း စစ်ကောင်စီတပ်နှင့် တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့ တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီ' ကလိန်အောင်အခြေစိုက် အမှတ် (၂၈၂) ခြေမြန်တပ်ရင်းက လက်နက်ကြီးဖြင့် အဆက်မပြတ်ပစ်ကူးပေးခဲ့သည်။

“တိုက်ပွဲက ကြီးကြီးမားမား မဟုတ်ဘူး။ လက်နက်ကြီးရမ်းသမ်းပစ်နေတာ ကို ပို့ကြောက်နေရတာ၊ အခုဆို ကျည်ကျလို့ လျှပ်စစ်မီးတိုင်တွေ ထိပြီး မီးတွေ လည်း ပျက်ကုန်ပြီး၊ အိမ်က ကလေးတွေ့လည်း လက်နက်ကြီးသံ ကြောက် လို့ အော်ငိုနေကြတာ၊ အကုန်လုံး ထွက်ပြေးကုန်ကြပြီး၊ ရွာမှ (၁၀) အိမ် လောက်ပဲ ကျန်တော့တယ်” ဟု ကော့လှိုင်ရွာသားတစ်ဦးက ပြောဆိုသည်။

တိုက်ပွဲနှင့် လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲမှုကြောင်း ကော့လှိုင်ကျေးရွာ ရာနှင့်ချီ ဒေသခံများ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်ရှောင်နေရပြီး ယခုတွင် စစ် ဘေးရှောင် (၃၀၀) ဝန်းကျင်သည် ရာဖူးကျေးရွာအတွင်း ခေတ္တခိုလှုံနေရပြီး တစ်ချို့ ဟာ ရေးမြို့နယ် ဆွေးမျိုးရှိရာ နေရာဒေသတွင် ထွက်ပြေးတိမ်ရှောင်နေကြသည်။

၅။ ၂၀၂၅ ဇူလိုင် (၂၃) ရက်နေ့ နံနက် (၉) နာရီအချိန်ခန့်က တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ မောင်းမကန်နယ်မြေရဲစခန်းမှ လက်နက်ကြီး၊ လက်နက်ငယ်ဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့ရာ လက်နက်ကြီးကျည်တစ်လုံးဟာ ဒေသခံပြည်သူနေအိမ်အနီး ကျ ရောက်ပေါက်ကွဲခဲ့ပြီးအသက်(၅၀)နှစ်အရွယ်အမျိုးသားတစ်ဦးသေဆုံးခဲ့ပြီးအသက်(၁၀) နှစ်အောက် ကလေးငယ်နှစ်ဦးနှင့် ဒေသခံ အမျိုးသမီးတစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ယင်းကလေးငယ်နှစ်ဦးအနက် ဒဏ်ရာပြင်းထန်တဲ့ အသက် (၇) နှစ်အရွယ် ကလေးငယ် တစ်ဦးသည့် ထားဝယ်ဆေးရုံတွင် အရေးပေါ်ကုသမှု ခံယူနေစဉ် သေဆုံးသွားခဲ့သည်။

၆။ ၂၀၂၅ ဇူလိုင် (၂၅) ရက် ည (၁၀) နာရီ မိနစ် (၃၀) အချိန် စစ်ကောင်စီတပ်မှ တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ် ဇရပ်ဆိပ်ကျေးရွာ ကို ဒရုန်းဖြင့် ဗုံးကြဲခြင်းနှင့် လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်မှု ပြုလုပ်ခဲ့သည်။

ထို့သို့ ဒရုန်းဖြင့် ဗုံးသီးဖြင့် ကြဲချလိုက်ရာ လူနေအိမ်ပေါ် ကျရောက်ပေါက် ကွဲခဲ့ရာ အရပ်သားတစ်ဦးသေဆုံးပြီး နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ထို့ပြင် ပါဒစက်တော်ရာတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ရမ်းသမ်း ပစ်ခတ်ခဲ့ရာလက်နက်ကြီးကျည်သည်ယင်းနေအိမ်ကိုထပ်မံထိမှန်ခဲ့ရာနောက်ထပ်အရပ်သား (၉) ဦး သေဆုံးပြီး (၃) ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။ “ဒရုန်းဗုံးသီးကြောင့် ထိခိုက်ခဲ့တဲ့အရပ်သားတွေကို ကယ်ဖို့လုပ်နေတဲ့အချိန်မှာ လက်နက်ကြီး ထပ်ကျလာတာ။ သေသွားတဲ့သူအများစုက ခရီးသွားတွေပါ” ဟု ၄င်းက ပြောသည်။

လက်ရှိအခြေအနေတွင်တင်းမာနေသည့်စစ်ရေးအခြေအနေကြောင့်ခရီးသည်များသည်ပြည်ထောင်စု လမ်းမကြီးပေါ်တွင် သွားလာနိုင်ခြင်း မရှိသဖြင့် နီးစပ်ရာကျေးရွာများတွင် တည်းခိုနေရသည်။

“စစ်ကောင်စီက လူအစုလိုက်အပြုံလိုက်ရှိတဲ့နေရာတွေကို ကြဲချနေတာ။ ကျောင်းသား တွေ ပြည်သူတွေဆိုပြီး ခွဲခြားတာ မဟုတ်ဘူး” ဟု တော်လှန်ရေးတပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။

၆ ဦးဒဏ်ရာရ
၁၁ ဦးသေဆုံး

၅ ဦးဒဏ်ရာရ
၁ ဦးသေဆုံး

၁ ဦးဒဏ်ရာရ
၄ ဦးသေဆုံး




စစ်ဘေးရှောင်ပြည်သူ
၄၀၀ +

## လေကြောင်းတိုက်ခိုက်မှု



၁။ ၂၀၂၅ ဇူလိုင် (၂၄) ရက်နေ့ ညနေ (၃) နာရီခွဲမှ (၅) နာရီခွဲအတွင်း တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပုလောမြို့နယ်၊ ပလမြို့ပေါ်တွင် လေကြောင်းတိုက်ခိုက်မှု နှစ်ကြိမ်ပြုလုပ်ခဲ့ရာ စစ်ကောင်စီတပ်မှ နှစ်ဖက်ထိတွေ့တိုက်ပွဲဖြစ်ပွားမှုမရှိဘဲ အသက် (၅၀) နှစ်အရွယ် လင်းမယားနှစ်ဦး၊ အမျိုးသမီးတစ်ဦးတို့ ထိခိုက်သေဆုံးခဲ့သည်။



၂ ဦးဒဏ်ရာရ
၂ ဦးသေဆုံး

၂။ ၂၀၂၅ ဇူလိုင် (၂၆) ရက်နေ့ နံနက် (၈) နာရီမှ ညနေ (၃) နာရီအတွင်း စစ်ကောင်စီတိုက်လေယာဉ်ဖြင့် ဗုံးလေးကြိမ်ကြဲတိုက်ခိုက်ရာ ပလမြို့ သိမ်ဝဘုန်းကြီးကျောင်းမှ ဦးပဥ္စင်းတစ်ပါး ပျံလွန်တော်မူကာ နောက်ထပ်တစ်ပါး ဦးပဥ္စင်းတစ်ပါး ခြေပြတ်သွားဟု ပလမြို့ခံတစ်ဦးက ဆိုသည်။



၂ ဦးသေဆုံး

ပုလောမြို့နယ်အတွင်း ဇူလိုင်လ (၂၄) ရက်မှ (၂၆) ရက်နေ့အထိ သုံးရက်တာအတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုနှင့် ဒရုန်းတိုက်ခိုက်မှုများကြောင့် ရဟန်းတစ်ပါးနှင့် အရပ်သား (၁၆) ဦး သေဆုံးခဲ့ပြီး ရဟန်းတစ်ပါးနှင့် အရပ်သား (၁၅) ဦးကျော် ထိခိုက်ဒဏ်ရာရရှိထားသည်။

## စစ်မှုထမ်းဥပဒေကြောင့် မတရားဖမ်းဆီးချုပ်နှောင်ခြင်း

၁။ ၂၀၂၅ ခုနှစ် ဇွန်လ (၃၀) ရက်နေ့တွင် ထိုင်းနိုင်ငံ ရနောင်းထိန်းသိမ်းရေးစခန်းမှ မြန်မာနိုင်ငံသား(၁၀၀) နီးပါးကို ထိုင်းအာဏာပိုင်များက မြန်မာနိုင်ငံ ကော့သောင်းမြို့သို့ လွှဲပြောင်းလာသည်။

ထိုင်းက ပြန်လည်ပို့ဆောင်လာသူများကို စစ်ကောင်စီက စစ်မှုထမ်းသင်တန်းသားအဖြစ် အဓမ္မစုဆောင်းမှုများ ရှိနေသော်လည်း ထိုင်းအာဏာပိုင်များက ရနောင်းထိန်းသိမ်းရေးစခန်းမှမြန်မာနိုင်ငံသား (၁၀၀) မှ (၂၀၀) ဝန်းကျင်ကို မြန်မာနိုင်ငံဘက်သို့လစဉ်ပြန်လည်လွှဲပြောင်းပေးနေကြောင်း သိရသည်။

၂။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့တွင် စစ်ကောင်စီတပ်၊ ရဲတပ်ဖွဲ့၊ စစ်သား၊ ပျူစောထီးပြည်သူ့စစ်၊ ဆယ်အိမ်မှူးနှင့် အရပ်ဝတ် သတင်းပေးများအပါအဝင် စစ်ကောင်စီပူးပေါင်းတပ်ဖွဲ့များသည့် လမ်းကင်းလှည့်ခြင်း၊ နေအိမ်စစ်ဆေးခြင်းနှင့် ဧည့်စာရင်းစစ်ဆေးခြင်းများ စသည့်အကြောင်းပြချအမျိုးမျိုးဖြင့် စစ်မှုထမ်းအကျုံးဝင်တဲ့ လူငယ်များကို စစ်သားစုဆောင်းဌာနသို့ ပို့ဆောင်ရန် ပြင်းပြင်းထန်ထန် ကြိုးပမ်းလျက်ရှိသည်။

၂၀၂၅ ဇူလိုင် (၂) ရက်နေ့ ည (၁၁) နာရီခန့်က ထားဝယ်မြို့နယ် ညောင်ဦးမြို့နယ် နှင်းဆီလမ်းမှ စစ်ကောင်စီတပ်နှင့် ရဲတပ်ဖွဲ့ပူးပေါင်းတပ်ဖွဲ့တို့က ညှော်စာရင်းစစ်ဆေးမည့်ဟု အကြောင်းပြချက်ဖြင့် အသက် (၂၀) နှစ်အရွယ် အမျိုးသားတစ်ဦး ဖမ်းဆီးစစ်ဆေးနေခဲ့သည်။

၃။၂၀၂၅ ဇူလိုင်လ (၈) ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်ရှိ ကမြော ကင်း တံတားစစ်ဆေးရေးဂိတ်က အသက် (၂၀) နှင့် (၃၀) ကြားအရွယ်ရှိလောင်းလုံးမြို့ခံ လူငယ်အမျိုးသား (၇) ဦးကို ဖမ်းဆီးခဲ့သည်။

မိသားစုဝင်များက ဖမ်းဆီးခံရသူများကို လိုက်လံစုံစမ်းမေးမြန်းခဲ့သော်လည်းစစ်ကောင်စီ တပ်သားများက ပြန်လည်ဖြေကြားခြင်း မရှိခဲ့ချေ။

“မြို့အဝင်ဂိတ်တွေမှာ စစ်ဆေးရေးတင်းကြပ်ပြီးတော့ လူငယ်တွေကို စစ်မှုထမ်းဖို့ ပေါ်တာဆွဲ ဖမ်းဆီးနေတယ်။ မနေ့ကဆို လူငယ် (၇) ယောက် အဖမ်းခံလိုက်ရတယ်။ မိသားစုဝင်တွေက သွားမေးတော့ စစ်တပ်နဲ့ ရဲစခန်း နှစ်ဖက်စလုံးက မသိဘူး ပြောတယ်။ နောက်ပိုင်းမှာ သူတို့ကို စစ်မှုထမ်းပို့လိုက်ပြီးလို့ စစ်တပ်ဘက်က မိသားစုဝင်တွေကို ပြန်ပြောလာတယ်” ဟု ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောသည်။


## အသက်မွေးဝမ်းကျောင်း

၁။ ၂၀၂၅ မေလနောက်ဆုံးအပတ်မှစ၍ တနင်္သာရီတိုင်း တနင်္သာရီနှင့် လောင်းလုံးမြို့နယ်များတွင် စစ်ရေးတင်းမာနေသဖြင့် စစ်ကောင်စီက အဆိုပါမြို့နယ်များတွင် ဖုန်းနှင့် အင်တာနက်လိုင်းများကို ဖြတ်တောက်ထားသည်။

တနင်္သာရီမြို့နယ်တွင် လျှပ်စစ်မီးများကိုပါဖြတ်တောက်ထားပြီး စက်သုံးဆီ သယ်ယူခွင့်ကိုလည်း ကန့်သတ်ထားကြောင်း သိရသည်။

“စစ်ကြောင်းက ကုန်းကြောင်းရော ရေကြောင်းပါ ထိုးနေတယ်။ လျှပ်စစ်မီးနဲ့ စက်သုံးဆီကို ဖြတ်တောက်ထားတယ်။ ဖုန်းနဲ့ အင်တာနက်လိုင်းကလည်း အဆင်မပြေနေတာ (၁) လကျော်ပြီ” ဟု လောင်းလုံးမြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

## သတ်ဖြတ်ခြင်း



၁။ ၂၀၂၅ ဇူလိုင် (၁၃) ရက်နေ့က တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ထားဝယ် -မြိတ်သွားကားလမ်းပေါ်ရှိ ကျေးရွာများကို စစ်တပ် အင်အား (၁၀၀) ကျော်ဖြင့် စစ်ကြောင်းထိုး ဝင်ရောက်လာခဲ့ပြီး  သရက်နှစ်ခွ၊ သင်းကျွန်း၊ ရန်တောင်၊ ညောင်ဇင်ရွာ များအား စစ်ကြောင်းထိုးနေပြီး ရန်တောင် ကူးတို့ဆိပ်တွင် အထိုင်ချထားကြောင်း ဒေသခံများက ဆိုသည်။

ယင်းသို့ စစ်ကြောင်းထိုးစဉ် ဇူလိုင်လ (၁၆) ရက် တွင် ရန်တောင်ရွာက ဒေသခံလေးဦး၊ အခြားရွာက ဒေသခံ(၅) ဦးခန့်ကို လေးရက်ကြာ ဖမ်းဆီးခေါ်ဆောင်ခဲ့ရာ ဇူလိုင် (၁၈) ရက်နေ့တွင် ရန်တောင်ရွာလယ် ဘုန်းကြီးကျောင်းတွင် တပ်အထိုင်ချထားပြီး  အသက် (၄၀) ကျော် ကိုဝင်းအေးဆိုသူကို ဆိုင်ကယ်ပြန်လည့်ပြေးဟုဆိုကာ ပစ်ခတ်သတ်ဖြတ်ခဲ့သည်။



# မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း

စစ်ဘေးဒုက္ခသည် ၊ သတ်ဖြတ်မှု နှင့် ဒဏ်ရာအနာတရ ရရှိသူ အရေအတွက်

ဇူလိုင်လ ၂၀၂၅

## မွန်ပြည်နယ်

၄၅၀၀

၁၀

၂၂

## ကရင်ပြည်နယ်

၈၀၀၀+

၁၁

၂၃

## တနင်္သာရီတိုင်းဒေသ

၁၁၅၀၀

၁၇

၂၅

# မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

မွန်ပြည့်လူ့အခွင့်အရေး ဖောင်ဒေးရှင်းကို ၁၉၈၈ လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဒီမိုကရေစီစနစ်ကို အားပေးထောက်ခံသော ကျောင်းသားများ၊ တက်ကြွသော လှုပ်ရှားသူများ၊ မွန်လူထုခေါင်းဆောင်များနှင့် လူငယ်များ စုပေါင်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားရေး၊ လူ့အခွင့်အရေး ရရှိရေးနှင့် စစ်မှန်သော ငြိမ်းချမ်းရေးပေါ်ပေါက်ရေးတို့ကို အဓိကရည်ရွယ်ချက်ဖြင့် ထားရှိကာ ထူထောင်ခဲ့ခြင်း ဖြစ်သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး အဖွဲ့ဝင်များအားလုံးသည် တူညီသော ရည်မှန်းချက်ပန်းတိုင်ကို တူညီသော အတွေးအမြင်များဖြင့် ချီတက်နေကြသော စေတနာ့ ဝန်ထမ်းများဖြစ်သည်။ မွန်ဒေသနှင့် မြန်မာနိုင်ငံ တောင်ပိုင်း ဒေသများမှ လူ့အခွင့်အရေး အခြေအနေများကို စောင့်ကြည့်လေ့လာခြင်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားလာစေရန် ဒေသဆိုင်ရာ တိုင်းရင်းသားလူ့အခွင့်အရေး အဖွဲ့တစ်ဖွဲ့ အနေဖြင့် ကျရာတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးများ ထုတ်ဝေခြင်းဖြင့် တွန်းအားပေးလျက်ရှိသည်။ မွန်လုထုအသံ ဟူသော စာစောင်ကို ပုံမှန်ထုတ်ဝေလျက်ရှိပြီး လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာများကိုလည်း အခါအားလျော်စွာ ထုတ်ဝေလျက်ရှိသည်။

ပန်းတိုင်  နိုင်ငံသားအားလုံး လူ့အခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်စေရန်။

## ရည်ရွယ်ချက်

(၁) လူ့အခွင့်အရေးနှင့်ပတ်သက်သော သတင်းများ ပြည်သူလူထုအကြား ပိုမိုပျံ့နှံ့ သိရှိနိုင်စေရန်။

(၂) လူ့အခွင့်အရေးနှင့် ပတ်သက်၍ ပြည်သူလူထုကို ပညာပေးလှုံ့ ဆော်ရန်။

(၃) လူ့အခွင့်အရေးနှင့် ပတ်သက်သော လှုပ်ရှားမှုများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန်။

## စာဖတ်သူများထံမှ ဝေဖန်အကြံပြုစာ တောင်းခံခြင်း ချစ်ခင်လေးစားရပါသော စာဖတ်သူများခင်ဗျား

မြန်မာနိုင်ငံ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ လူ့အခွင့်အရေးစာစောင်ကို ထုတ်ဝေလျက်ရှိသည်။ သတင်းအချက်အလက်နှင့်ပတ်သက်၍ အချိန်နောက်ကျခြင်းများ ဖြစ်ပေါ်ခဲ့ပါက ဤအချက်အလက်များ တိကျသေချာစေရန် အကြိမ်ကြိမ် အထပ်ထပ်စစ်ဆေးနေရခြင်းကြောင့်  ဖြစ်ပါသဖြင့် စာဖတ်သူများမှ နားလည်ပေး စေလိုပါကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ အနူးအညွတ် တောင်းပန်အပ်ပါသည်။ ကျွန်ုပ်တို့ထံသို့ ဝေဖန်အကြံပြုစာ ပေးပို့လို၍ဖြစ်စေ ကျွန်ုပ်တို့၏ စာစောင်ကို ပေးပို့ စေလို၍ဖြစ်စေ အောက်ပါလိပ်စာအတိုင်း ပေးပို့နိုင်ပါသည်။ စာစောင်ပေးပို့ စေလိုပါက ပေးပို့ စေလိုသော  လူပုဂ္ဂိုလ်၏ နာမည်နှင့် လိပ်စာအပြည့်အစုံကို ပေးပို့စေလိုပါသည်။

ရိုသေလေးစားစွာဖြင့်
ဒါရိုက်တာ
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

Human Rights Foundation of Monland (Burma)
P. O. Box 2237
General Post Office
Bangkok 10501, THAILAND